
www.dhammaransi.com



# " မဟာဝိဇယရံသီ "


# ပုထိုးတော်ကြီးဘုရားသမိုင်း

( မူပိုင် – ဒေါ်ရှင် )

ရိစဋ္ဌကြိမ် ပြုလုပ်ပြီး၊

ဂုဏဝတီစာပုံနှိပ်တိုက်၊ ဓါးတန်း၊ မန္တလေးမြို့၊

www.dhammaransi.com



ထီးတော်ကြီးရွှေချကင်လှူရန်ပြင်ဆင်ထားသော
အမရပူရရွှေမြို့တော်ရှိ
မဟာဝိဇယရံသီ

# ပုထိုးတော်ကြီးဘုရားပုံတော်အစစ်။

၁၃၁၉-ခု၊တော်သလင်းလ

## မဟာဝိဇ္ဇာရံသီ

# ပုထိုးတော်ကြီးသမိုင်း။

ရတနတ္တယံ အဟံ ဝန္ဒာမိ။ ။ရာဇဝံသ၊စေတီသမိုင်း၊သာသနံစကား၊ဤသုံးပါးကို၊မှတ်သားစေရန်၊စီမံပြုပေအံ့။ ။မြတ်စွာဘုရားမပွင့်တော်မူမီတကောင်းပြည်၌မင်း၃၃၊ဘုရားပွင့်တော်မူပြီးနောက် ၁၇ ယောက်မြောက်၊သတိုးမဟာမင်း၏သား၊မဟာသမ္ဘဝ၊စူဠသမ္ဘဝတို့သည်၊ဘုရားပရိနိဗ္ဗာန်ပြု၍အနှစ် ၆၀ ရှိသောအခါသရေခေတ္တရာ၌မင်းပြု၏။ ။သရေခေတ္တရာပြည်၌ မင်း (၂၇)ဆက်၊ ၎င်းအနက် (၂၅)ဆက်မြောက် သုမုန္ဒြီမင်းလက်ထက် သက္ကရာဇ်-၆၂၂ ကိုဖြို၍အတို ၂ခုထား၏၊ပေါက္ကံပြည်၌မင်း-၅၅၊၎င်းအနက် ၁၉ဆက်မြောက်သိုက်တိုင်မင်းမှစ၍ သုံးကျိပ်သသာမင်းတို့သည် သာသနာတော်မှအပ မိစ္ဆာဝါဒဖြစ်ကြ၏၊ထို့နောက်၊အနော်ရထာမင်းမြတ်သက်ထက်သာသနာကိုကောင်းစွာပြုမှ၊သင်္ကန်းရောင်ကို ဖူးမြင်ရလေသည်၊ ၎င်းပြည်၌ နှစ်ကျိပ်တယောက်မြောက်သဉ်ရာဇ်မင်းလက်ထက်သက္ကရာဇ် ၅၆၀ဖြို၍၊အတို ၂-ခုထားသဖြင့် ယခုတိုင်တိုးပွါးလေသည်၊မြင်စိုင်းမြို့-မက္ခရာမြို့၌မင်းတဆက်စီ၊ ပင်းယမြို့၌မင်း ၆ ဆက်၊၎င်းနှင့်ပြိုင်၍စစ်ကိုင်းမြို့၌ မင်း-၅-ဆက်၊အင်းဝမြို့၌ မင်း-၂၉။၎င်းအနက် ၁၃-ဆက်နှင့်ပြိုင်၍တောင်ငူမြို့၌မင်း-၄-ဆက်၊၎င်းအင်းဝမြို့ မင်း-၂၉-တွင်အဆုံးဖြစ်သောတောင်ငူရာဇာ၊ ဟံသာဝတီမင်းမြတ်ဖြစ်သတည်း။

www.dhammaransi.com



၁ ၎င်းမင်းလက်ထက်၊တလိုင်းတို့ဘေးကြောင့်အင်းဝရွှေပြည်တော်ကြီး ပျက်စီးတိမ်းပါးသဖြင့်၊ အလောင်းမင်းတရားကြီးသည်ဘုန်းထက်ရုံးအာဏာဖြင့်တလိုင်းတို့ဘေးရန်ကိုနှိပ်နင်း၍၊၁၁၁၄-ခု၊ရွှေထီးရွှေနန်း သိမ်း၊မြန်းစံပယ်တော်မူ၍၊နန်းစံ(၈)နှစ်-နံ့တော်—သောကြာ၊သက်တော်(၄၅)နှစ်(၈)လတွင်နတ်ရွာစံလွန်တော်မူသည်၊

၂ ၎င်းနောက်၊သားတော်အကြီးဆင်များရှင်မင်းတရားကြီးသည်ခမည်းတော်အရိုက်အရာကို—၁၁၂၂-ခုနှစ် ဆက်ခံစိုးစံတော်မူ၍ နန်းစံ(၃)နှစ်(၆)လ၊ နံ့တော်အင်္ဂါသား၊သက်တော်(၂၉)နှစ်[၄]လတွင် နတ်ရွာစံတော်မူသည်၊

၃ ၎င်းနောက်၊ ညီတော်ဆင်ဖြူရှင် မင်းမြတ်သည်၊နောင်တော်၏အရိုက်အရာရွှေထီးရွှေနန်းကို ၁၁၂၅-ခု၌ဆက်ခံသိမ်းပိုက်တော်မူ၍၊နန်းစံ(၁၂)နှစ်(၆)လ၊တနင်္ဂနွေသားသက်တော်(၃၉)နှစ်(၁၀)လတွင်နတ်ပြည်စံတော်မူသည်၊

၄ ၎င်းသားတော်စဉ့်ကူးမင်းသည်ခမည်းတော်အရိုက်အရာကို၊၁၁၃၈-ခုနှစ် ဆက်ခံတော်မူ၍၊နန်းစံ(၅)နှစ်(၈)လတနင်္လာသား၊သက်တော်(၂၅)နှစ်(၅)လတွင်နတ်ပြည်စံတော်မူသည်၊

၅ ၎င်းနောက်၊ဆင်များရှင်မင်းတရား၏သား၊ ဖေါင်းခါးစားမင်းသည်၊၁၁၄၃-ခု၌ရွှေထီးရွှေနန်း၊သိမ်းမြန်း၍ နန်းစံ(၇)ရက်၊ကြာသပတေးသား၊သက်တော်(၁၈)နှစ်-၄လတွင်နန်းကျတော်မူသည်၊

အလောင်းမင်းတရားကြီး၏သားတော်အငယ်၊အမရပူရမြို့တည်နန်းတည်ဘိုးတော်မင်းတရားသည်၊၁၁၄၃ ခု၌

www.dhammaransi.com



ထီးရွှေနန်းသိမ်းမြန်းစိုးစံတော်မူ၍၊နန်း‌စံ(၃၇)နှစ်(၃)လ၊ နံတော်တနင်းလာ၊ သက်တော်(၇၄)နှစ်(၂)လတွင်လူ့ပြည်ငြီး၍၊နတ်ဘီးစံတော်မူသည်၊

၇* ၎င်းမင်း၏မြေးတော်စစ်ကိုင်းမင်းသည် ၁၁၈၁ ခု၊ဘိုးတော်မင်းတရား၏အရိုက်အရာ ရွှေထီးရွှေနန်း သိမ်းမြန်းစံပယ်တော်မူ၍၊နန်းစံ(၁၈)နှစ်၉ရက်၊နံတော် သောကြာသား သက်တော်(၅၃)နှစ်တွင်နတ်ပြည်ဝင်တော်မူသည်၊

၈ ၎င်းမင်း၏ ညီတော်ရွှေဘိုမင်းသည်၊ ၁၁၉၉–ခု၊ နောင်တော်မင်းတရား၏အရိုက် အရာကိုခံယူ၍၊ နန်းစံ(၉)နှစ်၊ နံတော်ဗုဒ္ဓဟူး သက်တော်(၆၀) တွင်နတ်ပြည်စံတော်မူသည်၊

၉ ၎င်းမင်း၏ သားတော်ပုဂံမင်းသည်၊ ၁၂၀၈–ခု၊ခမည်းတော်ရွှေဘိုမင်း၏ အရိုက်အရာကို ဆက်ခံစိုးစံတော်မူ၍၊ နန်းစံ(၆)နှစ်၊နံတော်သောကြာ၊သက်တော်(၄၁)နှစ်တွင် ညီတော် မင်းမြတ်အား ရွှေထီးရွှေနန်းကို လွှဲအပ်တော်မူသည်၊

၁၀ ၎င်းမင်း၏ ညီတော်-မန္တလေးမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင်မင်းမြတ်သည်၊ ၁၂၁၄ခုနှစ်နောင်တော်၏ အရိုက်အရာ ရွှေထီးရွှေနန်းသိမ်းမြန်း၊စိုးစံတော်မူ၍၊ နန်းစံ(၂၆)နှစ်၊နံတော်အင်္ဂါသား၊သက်တော်(၆၅)နှစ်တွင်နတ်ပြည်စံလွန်တော်မူသည်၊

၁၁ ၎င်းမင်းတရား၏ သားတော် သီပေါမင်းသားသည်၊ ၁၂၄၀ ပြည့်နှစ်၊ခမည်းတော်၏အရိုက်အရာဆက်ခံစိုးစံ

တော်မူ၍၊ နံ့တော်စနေသားနန်းစံ(၈)နှစ်တွင်ဗွန်းစည်း ပိဋ်ကို၊ သီလဝမင်းများပယောလွှဲအပ်တော်မူ၍ ရတနာဂီရိ တွင်စံပယ်တော်မူသည်။

---

ဤသို့မြန်မာရာဇဝင်သ,အကျဉ်းမျှပြဆိုရာ၊ ရတနာသိင်္ဃ၊ နာဂမကုန်းဘောင်၊ ရန်ကြီးအောင်ပဟုဘုန်းရောင် နန်းပိုမုဆိုးပိုနှင့်ရွှေဘိုဟူသော အမည်ငါးဖြာ၊ ကမ္ဘာသုံးအောင်တည်လတံ့သော မြို့တော်ကြီးအရှင်၊ ဘုရင်အလောင်း၊ မင်းတရားကြီးဘုရား၏အဆက်အနွယ်တော်တွင်၊ ဤမဟာဝိဇယရံသီစေတီတော်ကြီး၏ဒါယကာ၊ မဟာပဗ္ဗယနာဂဆဒ္ဒန်သခင်၊ အသျှင်ဘဝရှင်မင်းတရားကြီးဘုရားသည်၊ ဘိုးတော်၏အရိုက်အရာ၊ မြန်မာရဋ္ဌ၊ အမရပူရ၊ အယုဇ္ဈာတခုထည်၊ ရွှေပြည်တော်နန်း၊ သိမ်းမြန်းပိုးစံတော်မူသောအခါ၊ အထက်ဘေးလောင်းတော်ဘိုးလောင်းတော်တို့ ရှင်ပျော်စိတ်ဝမ်း၊ နတ်ငြိမ်းတမျှသော လူ၏စည်းစိမ်ကိုခံစားစံစားတော်မူကြ၍ ဒေဝကြွဲဌာန်းနတ်နန်း ဝင်စံတော်မူကြရာ၊ ရတနာရွှေငွေ အထွေထွေသော သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာဓနတို့ကို ရွှေတိုက်တော်စာရင်းကျယ်ဖြင့်ဘင်လျှောက်သည်ကို ကြားသိတော်မူရလျှင်၊ အလောင်းတော်မဟာသုံးမပါသည်၊ များစွာသောဖမ္ဘာဝေဂ၊ သြတ္တပ္ပစိတ်၊ ယိုဗိတ်တော်မူဘိ၏သို့၊ ငါ၏ဘေးလောင်းတော်–ဘိုးလောင်းတော်တို့သည်၊ အတိုင်းမသိမရေတွက်နိုင်သော ရွှေတုံးငွေတုံး၊ ပတ္တမြားတုံး တို့ကိုပုရုံးသိုထားလျက်မြေကြွားနတ်ထံသို့သာဝင်စံတော်မူကြသည်။

www.dhammaransi.com



ငါကိုယ်တော်အရှင်မြတ်နှင့်ကား၊ ဘေးတော်ဘိုးတော်တို့ ပစ်စွန့်ထားခဲ့သော များပွားသော ရွှေငွေရတနာ အဖြာဖြာတို့ ကို အပါယူဆောင်လျက်၊ နောင်သံသရာ၊ ဖြစ်လေရာဘွင်၊ သမ္မာ သမ္ဗောဓိ ဉာဏ်ကို၊ မိမိသက်ရောက်၊ အထောက်ပါရမီ ဖြည့် ညီဆည်းပူးတော်မူအံ့ဟု ရည်သန်တော်မူလျက်၊ ဗိုလ်ညီလာ အစုံတွင် အမိန့်တော်မြတ် မှတ်တော်မူသည်ကား–ငါကိုယ် တော်အရှင်မြတ်အဘိုးအဖွားနန်း သိမ်းမြန်းပိုးစံတော်မူသည်မှ စ၍ ငါ၏နိုင်ငံတော်ကြီးအတွင်း၊ ခေကင်း, ကြည်ဘင်း၊ ခပင်း၊ များစွာတို့၌ အလှူနဲ့ အတုတ် အကောက်အစားအခုပ်ခုပ် တို့သွတ်ငြိမ်းချမ်းသာလျက် ပြည်သူပြည်သားတို့ကောင်းမွန် စွာရောင်းဝယ်ကူးသန်းစား သောက်နေထိုင်ကြစေ၊

ရွှေတိုက်တော်မှ ငွေတော်တို့ကို ရပ်ထားတော်မူပြီးလျှင် မင်းညီမင်းသား မှူးတော်မတ်တော် အပေါင်းတို့အား သည်း မိမိတို့ချိုင်းနိုင်သမျှယူဆောင်ကြစေ နေပြည်တော်နိုင်ငံအတွင်း ဆင်းရဲသားတို့အပေါ်၌ နှိပ်စက်ညှဉ်းပန်းတောင်းယူမှုကို စေနှင့်ဟု အမိန့်တော်မြတ် မှတ်တော်မူပြီးလျှင် ထပ်မံအမိန့် တော်ရှိတော်မူသည်ကား၊ ရှေးရှေးသော အဇာတသတ်မင်း သီရိဓမ္မာသောကမင်း၊ ဒေဝါနံပိယတိဿမင်း၊ ဒုဋ္ဌဂါမဏိစ သော သာသနာပြုမင်းကောင်း မင်းမြတ်တို့သည် မြတ်စွာ ဘုရား၏ မွေးတော်ဓာတ်မြတ်တို့ကို နတ်လူတို့အရှည် ဖြင့် ပူဇော်ကိုးကွယ်ရန် စေတီတည်ထား ကိုးကွယ်တော်မူကြ သည်၊ ငါအရှင်မင်းမြတ်သည်လည်း သာသနာပြုမင်း မြတ် ဖြစ်သည်နှင့်အညီ မြတ်စွာဘုရား၏ ဓာတ်တော် မွေ တော်တို့ကို စေတီတော်မြတ် ဆောက်ပတ် ကောင်းမွန်စွာ

တည်ထားကိုးကွယ်လိုသော အာသာဆန္ဒသည် ပဌမငယ်ရွယ်စဉ် အခါကပင် ကြံစည်တော်မူမိသည်ဟု မိန့်တော်မူလျှင်၊ မှူးမတ်တို့တင်လျှောက်သည်မှာ၊ ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော အရှင်မင်းမြတ်၏ ဘိုးတော်မင်းတရားကြီးဘုရား လက်ထက်တော်အခါ မဟာဗောဓိပင်သို့ပူဇော်လှူဒါန်းစေလွှတ်တော်မူရာ၊ နတ်ကောင်းနတ်မြတ်တို့ပြသလိုက်သော စေတီတော်ကို ပုံလွှာကူးယူလျက်၊ ဘိုးတော်မင်းတရားကြီးဘုရားအား ရင်းစေတီတော်ပုံလွှာကိုမှူးမတ်တို့ဆက်သရာ၊ ဖူးမြင်ကြည့်ရှုတော်မူပြီးမှ၊ သားကြီးရင်နှစ်၊ မြေးတော်ချစ်သည်၊ ကသစ်ဘုံခန်း၊ သိကြွားငြမ်းသို့၊ ရွှေနန်းဦးကိုင်၊ မှူးပိုင်စိုးချုပ်၊ မင်းသုပ်သောအခါ တည်ရစ်ထတော့ဟု မနောစိတ်သန် ကြံစည်တော်မူ၍ ထားတော်မူသော ရင်းစေတီတော်ပုံစံအလွှာ ရှိပါကြောင်းနှင့် မှူးမတ်တို့တင်ပြဆက်သွင်း၊ သည်ကိုဖူးမြင်တော်မူရသဖြင့် အလွန်ဝမ်းမြောက်တော်မူလှသဖြင့်၊ အမရပူရ ရွှေမြို့တော် အနောက် တောင်ထောင့်အရပ်၌၊ ''သီရိမဟာဓမ္မာဘိဇယ သီဟာသူရ''အမည်တော်ရှိသော၊ မဟာဥပရာဇာခမည်းတော်နှင့်မယ်တော်နှစ်ပါးတို့ပြုစုတော်မူသော ကုသိုလ်တော်ဟောင်း ကျောင်းတိုက်ကြီးအတွင်း၊ ကျောင်းတော်ကြီးများ မီးသင့်လောင်ကျွမ်းသဖြင့် လစ်လပ်ရှိသည့် ရင်းနေရာ၌ သီဟိုဠ်မဟာ စေတီပမာဏစေတီတည်တော်မူမည် ရည်သန်တော်မူပြီးလျှင် ရွှေနန်းဥကင်းဖွင့်တော်မူသည်ဖြင့် တပြိုင်နက်ငွေတော်ဘသိန်းရှစ်သောင်းငါးထောင်နှစ်ရာကျော်၊ ရွှေဝိုက်တော်မှသုတ်၍-၁၁၈၀-ခု၊ တန်းခူးလဆန်း-၁၂-ရက်၊ အင်္ဂါနေ့-ညဉ့်-၂-ပဟိုရ်ကျော်

www.dhammaransi.com



ဗုဒ္ဓဟူးနေ့သို့ အဝင် အသိန်း အသန်း မကသော စစ်သည်ဗိုလ်ပါ အပေါင်းခြံရံလျက် သမက်တော် ဥယျာဉ်သို့ ထွက်တော်မူပြီး လျှင် ပဥ္စမအခုတ်မြစ်ကိုယ်တော်တိုင်ကိုင်၍ ရွှေအခုတ်ချတော်မူ သည်၊

စေတီတော်ကြီး ပဥ္စမအခုတ်မြစ်ချတော်မူသည့်နေ့မှစ၍ ရွှေနန်းရှင်ဘုရားသည်နေ့စဉ် ကြွသွားတော်မူ၍ ကြပ်မတ်တော် မူသည်၊

ရင်းစေတီတော်ကြီးတည်ထားဌာပနာပုံ အကျဉ်းချုပ်အား ဖြင့်ကျုံးကြီး—၂ တန့်ပတ်ခြံပြုလုပ်လျက်၊ ဌာပနာတိုက်ကြီး —၄—တိုက်၊ တိုက်ငယ်—၁၂—တိုက်၊ တိုက်ကြီး၄—တိုက်အ ကျယ်အချင်းမှာ၊ အတွင်းခွင်ကျ အလျားသံတောင် (၂၆)၊ အနံ (၅) တောင်။ အမြင့်စောက်(၁၈)တောင်ရှိသောတိုက်ကြီး ၄—တိုက် ပြုလုပ်ပြီးမှ ရွှေပန်းတိမ်သည် —၁၂၀ ကျော်တို့ သွန်းလုပ်အပ်သော ရွှေချိန်-၁၆-ပိဿာရှိ၊ ကကုသန် ဘုရား၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဘုရားရှင်—၄—ဆူတို့၏ရုပ် ပွားတော်များကို၊ တိုက်ကြီးတတိုက်၌ တဆူကျထား၍ဌာပ နာသောစေတီအရင်ကား.......

မဟာဝိဇယရံသီ-ပုထိုးတော်ကြီးဘုရားတွင်ဌာပနာသော
ရွှေကိုယ်လေးရုပ်ပုံတော်ပေါင်းစာရင်းကျယ်၊

မြောက်ဘက်ဌာန၊ ပဥ္စမတိုက်တော်ကြီး၌ သီဟာသနပလ္လင် တော်—ရွှေချိန် ၁၆ ပိဿာ၊ ကကုသန့်မြတ်စွာဘုရား၏ရုပ်ပွား တော်မြတ်ကိန်းဝပ်စံမွေ့တော်မူဟန်၊

www.dhammaransi.com



အလောင်းဘုရားကြီးမင်းမြောင်တန်ဆာဆင်၍ပူဇော်ဟန်၊
ရင်းမိဘုရားကြီး မလ္လိကာတန်ဆာဆင်၍ ပူဇော်ဟန်၊
ဆင်ဖြူ ရှင်မင်းမြောက်တန်ဆာဆင်၍ ပူဇော်ဟန်၊
ဆင်ဖြူ ရှင်မင်းမြောက် တန်ဆာဆင်၍ ပူဇော်ဟန်၊
စဉ့်ကူးမင်းမင်းမြောက် တန်ဆာဆင်၍ ပူဇော်ဟန်၊
ဖေါင်းကားစား မင်းမြောက်တန်ဆာဆင်၍ ပူဇော်ဟန်၊
အမရပူရမြို့တည် ဘိုးတော်မင်းမြောက်တန်ဆာဆင်၍ ပူ
ဇော်ဟန်၊
ဘွားတော်မလ္လိကာတန်ဆာဆင်၍ပူဇော်ဟန်၊
ခမည်းတော်ဇာမ်ရေ့မင်း—မင်း မြောက်တန်ဆာဆင်၍ ပူ
ဇော်ဟန်၊
မယ်တော်မလ္လိကာတန်ဆာဆင်၍ ပူဇော်ဟန်၊
စစ်ကိုင်းမင်းဘုရားဒါယကာ မင်းမြောက်တန်ဆာဆင်၍
ပူဇော်ဟန်၊
ရင်းမိဘုရားကြီး မလ္လိကာတန်ဆာဆင်၍ ပူဇော်ဟန်၊
ရင်းမင်းရုပ်ပုံတော်များမှာမိဘုရားရုပ်ကိုယ် စီးဆီးအနှင်း
အဆောင်အရွက်ကိုယ်စီနှင့် ဘေးလောင်းတော် ဘိုးလောင်း
တော်တို့ကိုနှ ကိုယ်လေးရုပ်ပုံတော်ထုလုပ်၍ မြတ်စွာဘုရား
ကိုရှိခိုးပူဇော်ဟန်၊

---

တောင်ဘက်ဌာန တိုက်တော်ကြီး၌ ပိဂါသနပလ္လင်တော်
ရွှေချိန်-၁၆ ပိဿာရှိကောသာဂုဏ် မြတ်စွာဘုရား၏ ရုပ်ပွါး
တော်၊

ဘိုးတော် ဘွားတော်တို့၏ရုပ်ပုံတော်များကိုမင်းမြောက် တန်ဆာငါးပါးဆင်ယင်လျက်ရှိခိုးပူဇော်နေဟန်။

၎င်းမင်း၏သားတော်(၆၇)သမီးတော်(၆၇)မြေးယောကျ်ား (၁၁၃)၊ မြေးမိန်းမ (၁၀)။ မြစ်ပေါ (၄၃၃)သော ဆွေတော် မျိုးတော်တို့၏ရုပ်ပုံတော်များကို မိမိတို့ အဆင်းတန်ဆာများ ဆင်ဝတ်လျက်မြတ်စွာဘုရားအား ရှိခိုးပူဇော်နေဟန်။

ဤရုပ်ပုံများကို လူမျှရှိရှိ၊ မိမိတို့ကိုယ်အလေးရှိ ရွှေငွေကို သွန်းလုပ်၍ဌာပနာစေသည်။

---

အနောက်ဘက်ဌာန-တိုက်တော်ကြီး၌ ဘမရာသနပလ္လင် တော်အချိန်(၁၆)ပိဿာရှိ ကဿပမြတ်စွာဘုရား၏ရုပ်ပွါး တော်။

နတ်ရွာစံလွန်တော်မူကုန်ပြီးသော သက်ရှယ်ကြီးရင် ဖြစ် ကုန်သော ဘေးတော် ဘွားတော်တို့၏ရုပ်ပုံတော်များကို မင်း မြောက်တန်ဆာဆင်ယင်လျက်ရှိခိုးပူဇော်နေဟန်။

၎င်းတိုက်ကြီး၌လည်း အထက်နည်း ဌာပနာတော်မူစေ သည်။

အရှေ့ဘက်ဌာနတိုက်တော်ကြီး၌၊ ပဒုမာသနပလ္လင်တော် ဂေါတမမြတ်စွာဘုရား၏ရုပ်ပွါးတော် အချိန်(၁၆)ပိဿာရှိ စမ္ပယ်သီတင်းသုံးတော်မူဟန်။

မဟာဝိဇယရံသီစေတီတော်ဒါယကာ မင်းတရား၏ရုပ်ပုံ မင်းမြောက်တန်ဆာငါးပါးဆင်ယင်လျက် မြတ်စွာဘုရားကို ရှိခိုးပူဇော်နေဟန်။

လက်ျာဘက်က ဆင်ဖြူမယ်ဒိဘုရားကြီး ဖလ္လိကာဆင် မြန်းလျှက်ပန်းပူဇော်ကန်တော့နေဟန်၊

အတွင်းဝန်လေးပါး၊ ပြင်ဝန်လေးပါး ခစားမြဲ အတိုင်း မိမိတို့ ဝတ်ဆင်သော ဖေါင်းနားခေါင်းဆင်၍ ရှိခိုးပူဇော် နေဟန်၊

ဤရုပ်ပုံများကိုလည်း၊ ရွှေငွေတို့ကို အချိန်ကိုယ်လေးသွန်း စေလျှက်ဌာပနာတော်မူစေသည်၊

---

တိုက်ကြီး-၄-တိုက်နှင့်တိုက်ငယ် ၁၂-တိုက်တို့၌ဌာပနာ တော်မူသော ဓာတ်တော်၊ မွေ့တော်၊ စေတီရုပ်ပွါးတော်တို့၏ စာရင်းကိုရေးမြွမ်း၍အကျဉ်းချုပ်မှတ်သားရန်ဇယားချ၍ပြ သပါအံ့။

မဟာဝိဇယရံသီ
ပုထိုးတော်ကြီးဘုရားဌာပနာတော်မူသော
ရွှေတိုက်စာရင်း။

| | | | |
|---|---|---|---|
| ပဌမသွန်းရွှေဆင်းတု | ၁၆၀၀ | ပဌမသွန်းငွေဆင်းတု | ၁၀၀၀ |
| ဒုတိယသွန်းရွှေဆင်းတု | ၁၀၀ | ဒုတိယသွန်းငွေဆင်းတု | ၁၀၀ |
| တတိယသွန်းရွှေဆင်းတု | ၅၀ | ပတ္တမြားဆင်းတု | ၃-ဆူ |
| စတုတ္ထသွန်းရွှေဆင်းတု | ၄၅ | မြဆင်းတု | ၃-ဆူ |
| ပဥ္စမသွန်းရွှေဆင်းတု | ၄၀ | ပယင်းဆင်းတု | ၄၉ |
| ပဌမသွန်းရွှေစေတီ | ၆၆၀ | ဖန်ဆင်းတု | ၁၂ |
| ဒုတိယသွန်းရွှေစေတီ | ၄၉၀ | ဖန်စေတီ | ၁၇ |
| မိုးကြိုးစေတီပတ္တမြားစီ | ၆၇၀ | ရွှေဆင်းတု | ၄ |

www.dhammaransi.com



| | | | |
|---|---|---|---|
| ရွှေဆင်းတု | ၇၇၀ | သလွဲဆင်းတု | ၆၁၀၂၀ |
| ရွှေစေတီ | ၈၃ | စလင်းပိန်ဆင်းတု | ၉၂၇ |
| မိုးကြိုးဆင်တု | ၃-ဆူ | နံ့သာဆင်းတု | ၂ဆူ |
| ငွေဆင်းတု | ၂၇၀၁၇ | ဒက္ခိဏာသာခါဆင်းတု | ၅၂ |
| ငွေစေတီ | ၁၇ | ရွှေချဆင်းတု | ၂၉၂ |
| ပဥ္စလောဟာဆင်းတု | ၁ ဆူ | ဗဟာန်းဆင်းတု | ၄၉ |
| ပဌမသွန်းကြေးဆင်းတု | ၆၀၉၅ | ပိဋကတ်သုံးပုံပေစာထုတ်အစုံ | |
| ဒုတိယသွန်းကြေးဆင်းတု | ၄ ဆူ | ပတ္တမြားကျောက်တင်းပေါင်း | ၁၆ |

## ဌာပနာခဏ်း။

၁ တသောင်းသော စကြဝဠာတိုက်၌ နေကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် အလောင်းတော်နတ်သားဘုရားဖြစ်ချိန်တန်ပါပြီဟုတောင်းပန်သောအခဏ်း၊

၂ အလောင်းတော်နတ်သားသည်၊ ငါးပါးသောကြည့်ခြင်းဖြင့်ကြည့်တော်မူ၍ မယ်တော်ဝမ်း၌ ပဋိသန္ဓေစွဲနေတော်မူခဏ်း၊

၃ အလောင်းတော်မင်းသားဖွါးတော်မူသောအခဏ်း၊

၄ အလောင်းတော် သိဒ္ဓတ်မင်းသားသည် (၁၆)နှစ်ရောက်သောအခါ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့၏အလယ်၌၊တဆဲ့ရှစ်ပါးသောအတတ်တို့ကိုပြတော်မူခဏ်း၊

၅ အလောင်းတော်သည်၊သူအို,သူနာ,သူသေ,ရဟန်း၊၊ လေးခန်းသောနိမိတ်ကိုမြင်တော်မူခဏ်း၊

www.dhammaransi.com



၆ လေးပါးသော နိမိတ်ကြောင့်၊ ဗုဒ္ဓစိတ်တော်မငြိမ်သက်၍ တောထွက်တော်မူသောအခန်း။

၇ အနော်မာမြစ်ကမ်းဝယ်၊ ဃဋိကာရဗြဟ္မာဒါန်းသောသင်္ကန်း ကိုဝတ်ရုံ၍အလုံးစုံတရားကိုအားထုတ်တော်မူခန်း။

၈ ပဉ္စဝဂ္ဂီငါးဦးတို့၊ စိတ်ကူးတမျိုးထား၍၊ ရှောင်ရှားစွန့် ခွါပြီး သောင်းလျာဗုဒ္ဓအားပစ်ထားခဲ့သောအခန်း။

၉ အလောင်းတော်ပုဂ္ဂိုလ်သည်၊ ရာဇဂြိုဟ်သို့ဆွမ်းခံကြွ၍ ဗဍ္ဍဝတောင်ခြေရင်းတွင်၊ ပြည့်တင်းဆွမ်းစားသော အခန်း။

၁၀ သူဌေးသမီးသုဇာတာ၏၊ နတ်သုဓါဂထားဆွမ်းကိုမြစ် ကမ်းနေရဉ္စရာနိုက် မှုတစ္စာဘုဉ်းပေး၍ ရေးရေးသော ဘုရားလောင်းတို့ဓမ္မထာဒေ့နက်မျှာတော်မူခန်း။

၁၁ ဗောဓိပင်အောင်ခန်းသို့မြဲ၊ကြွတော်မူရာ၊သဒ္ဓါ ရှင်ရှင် သန္တိယာစေင်၊ ကြည်လင်စွာ ယူဒါန်းသော၊ မြက်ဆုပ်နန်း မြက်ပြုံဆံကိုအရှ ခံတော်မူ၍၊မြေပြူအပွင့်ဖီ၊ဘုမ္မိအောင် မြေဗုဒ္ဓဟောပင်မင်း၏အောက်၊ အရှေ့မြောက်-၄-တောင် ကွာတွင်မြက်နေရာခင်းတော်မူခန်း။

၁၂ ဗောဓိပင်ရှေ့ပလ္လင်၌ နေတော်မူသောအခါ၊ သိကြား မင်းက ဝိဇယုတ္တရ ခရုသင်းကိုမှုတ်ဟန်၊ ၊ဗြဟ္မာမင်း ကထီးဖြူမိုးဟန်၊ ၊သုယာမနတ်မင်းကသားမြီးယပ် ခပ်ဟန်၊ ၊သန္တုသိတနတ်မင်းကပဏ္ဏမြားယပ်ဖြင့် ခပ်ဟန်၊ ၊ပဉ္စသိခနတ်သားကစောင်းတီးဟန်၊ ၊ များစွာသောနတ်တို့အထူးထူးပူဇော်ဟန်၊ ၊ငှင်းအနိုး

www.dhammaransi.com



ဂိရိမေခလာဆင်ကိုစီး၍၊ မာရ်နတ်ကြီး စစ်ထိုးဟန်နှင့် တကွ အောင်မြင်တော်မူ၍ ထိုပလ္လင်၌ (၇) ရက်စံနေတော် မူသောအခဏ်း၊

၁၃ ဗောဓိပင်မှ အရှေ့မြောက် -၄- လံ ကွာ၌၊ အနိမိသ သတ္တာဟအခဏ်း၊

၁၄ ဗောဓိပင်မှ မြောက်အရပ်၌ စင်္ကမသတ္တာဟအခဏ်း၊

၁၅ ဗောဓိပင်မှ အနောက်မြောက်အရပ်၌ ရတနာဃရ အိမ်၌စံနေတော်မူသောသတ္တာဟအခဏ်း၊

၁၆ ဗောဓိပင်မှအရှေ့ အရပ် ၃၂-လံကွာ၌၊ အဇပါလ၌ စံနေတော်မူသောအခါ မာရ်နတ်မင်း၏သမီး၊ တဏှာ၊ အရတိ၊ ရာဂ သုံးယောက် တို့မြတ်စွာဘုရားကိုပျက်စီး ကြောင်းဖြင့်ဖြားယောင်းဖျက်ဆီးသောအခဏ်း၊

ဟုဟုက ပုဏ္ဏားပြဿနာ မေးဟန်၊

၁၇ ဗောဓိပင်မှ အရှေ့တောင်အရပ် ၅၂ လံကွာ၊ မုစလိန္ဒာ အိုင်အနီး ကျည်းပင်ကြီးအမြင်း၌ မုစလိန္ဒာနဂါးမင်းပါး ပျဉ်းဖြင့်အုပ်မိုး၍ပူဇော်နေသောအခဏ်း၊

၁၈ ဗောဓိပင်မှတောင်မျက်နှာအလံ ၄၀ ကွာ၊ လင်းလွန်း ပင်သတ္တာဟ၌စံနေတော်မူရာ၊ သိကြားမင်းကြီးဖုသီးနှင့် ကွမ်းရိုး၊ ဒန်ပူ၊ အနောတတ်ရေများ ကပ်လှူဟန်နှင့်၊ တ ဖုဿ၊ ဘလ္လိကညီနောင်တို့ ပျားမုန့် ဆုပ်မုန့် ကြက်ဟုစ်မုန့် တို့ကိုကပ်လှူဟန်၊ စတုမဟာရာဇ်နတ်မင်းကြီး-၄-ယောက် သပိတ်-၄ လုံးကပ်လှူဟန်၊

၁၉ သဟမ္ပတိဗြဟ္မာမင်းသည်၊ မြင်းမိုရ်တောင်မျှ ပမာဏ

www.dhammaransi.com



အလွန်ဆုံး၊ရွှေပန်းကုံးဖြင့် ပူဇော်၍တရားဟောတော်မူပါဟုတောင်းပန်သောအခါ၊

၂၀ ပဉ္စဝဂ္ဂီ ၅-ဦးတို့အားတရားဟောတော်မူရန်မိဂဒါဝုန်သို့ကြွတော်မူရာ၊ လမ်းခရီးဝယ်ဥပကကြီးတက္ကဒွန်းနှင့်တွေ့တော်မူသောအခါ၊

၂၁ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ-၅-ဦးတို့အား ဓမ္မစကြာတရားဟောကြားတော်မူသောအခါ၊

၂၂ ယသသူဌေးသားအား တရားရေး တိုက်ကျွေးတော်မူဟန်၊

၂၃ ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့အား တရားဓမ္မဟောပြတော်မူဟန်၊

၂၄ ဥရုဝေလညီနောင်သုံးဦး အမှူးပြု၍၊ တထောင်သောရသေ့တို့အားဘုရားအဖြစ်တိုက်ကျွေးဟောချတ်တော်မူဟန်၊

၂၅ ဥရုဝေလစသော တထောင်သော ရဟန်းဘို့နှင့် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကောင်းမှု ဝေဠုဝန်ကျောင်း၌ကိန်းအောင်းတော် မူသောအခါ၊ သုဒ္ဓေါဒန မင်းကြီးစေလွှတ်တော် မူသော အမတ် ၉-ယောက်နှင့် တကွ၊ ထောင်သောရဟန်းအပေါင်းအားတရားဓမ္မဟောပြတော်မူဟန်၊

၂၆ ဖွါးဘက်တော် ကာလုဒါယီအမတ်ကို သုဒ္ဓေါဒနမင်းကြီးက ထပ်မံလျှက် မြတ်စွာဘုရားကို အပင့်စေလွှတ်ရာ၊ ကာလုဒါယီ အမတ်က မြတ်စွာဘုရားထံ ဝင်၍ရဟန်းပြုရလျှင်၊ ရအောင် ပင့်ဆောင်ပါမည် လျှောက်

www.dhammaransi.com



တင်က သုဒ္ဓေါဒနမင်းမြတ်က ငါ၏သားတော်ကို ဖူးမြင်ရမည်မှန်က ရဟန်းပြုလေဟု အခွင့်ပေးတော်မူ၍ ကာလုဒါယီအမတ် မြတ်စွာ ဘုရား အထံသို့ ရဟန်း ပြုသော အခါတ်း၊

၂၇ ကာလုဒါယီ မထေရ်က၊ ဂါထာခြောက်ဆယ်သွယ်၍ ဆွေတော်မျိုးတော်တို့ထံပြန်သည့် ကြွချိန်တန်ပါကြောင်း လျှောက်၍ ကပိလဝတ်နေပြည်တော်သို့ ရဟန္တာထေရ် ပေါင်းနှစ်သောင်းခြံရံ၍ ကြွတော်မူပြီးလျှင် နိဂြောဓါရုံ ဥယျာဉ်၌စံနေတော်မူဟန်၊

၂၈ ဆွေတော်မျိုးတော်အပေါင်းတို့အား တန်ခိုးပြ၍၊ မာန်မာနတို့ကိုနှိမ်နင်းတော်မူ လျက်တရားဟောတော်မူဟန်၊

၂၉ ဝါဆိုတော်မူသောအခါ်းအစဉ်များမှစ၍၊ ပရိနိဗ္ဗာန်စံတော်မူသည့်တိုင်အောင်အခါ်းပေါင်း(၄၉)ရှိသည်၊ ဤအခါ်းပေါင်း(၄၉)တို့၌၊ စေတီတော် ၄၉ ဆူအကျယ် ဌာပနာတော်မူသည်၊

ဤသို့မဟာဝိဇယရံသီ စေတီတော်ကြီးအတွင်း ဌာပနာသင့်သောစာဟောင်းစာတမ်း ငြမ်းကြီးတဆူ ရှိတော်မူဘိုင်း မကြွင်းမကျန်ဌာပနာတော်မူ၍ သိဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိမင်းကြီးတည်ထားကိုးကွယ်တော်မူသော မဟာစေတီတော်ပုံ၊

ရတနာ ၇ ပါးသီးသောပဒေသာပင်ကိုနှုံးသာမျိုး ၅ ပါးရေ ထည့်လျက် ဖန်တကောင်း၌စိုက်၍ လှူဒါန်းတော်မူသည်၊

စေတီတော်ကြီးပြီးပြေတော်မူသောအခါ၊ အဝတဆဲ့နှစ်တောင်၊ ဌက်မြတ်နားထိ(၁၈)တောင်ရှိသော ရွှေသီးအဘွင့်တင်လှူးဘာ်မူသည်၊

ဤရွှေထီးအထွတ်တင်လှူတော်မူသောပွဲကြီးမှာ မဟာပနာဒဇာတ်၌ ပြသောဥပမာကဲ့သို့ ပြောပမဆုံးအောင် ရှိသဖြင့် ထီးတော် တင်ပွဲအခန်းကိုမှန်နန်းရာဇဝင်တော်ကြီးများ၌ အစဉ်လျှောက်၍ကြည့်ရှုမှတ်သားရာသည်။

---

ရှင်းမဟာဝိဇယရံသီအမည်တော်ရှိသောပုထိုးတော်ကြီး မြတ်စွာဘုရား ပဌမပစ္စယာ ခါးပတ်သည်၌ ငါးရာ့ငါးဆယ် ဇာတ်တော်ပေါင်းကို ကောင်းမွန်သပ္ပစွာ စကျင်ကျောက်ဖြူ တွင်ပြီးပြုအောင် ထုလုပ်တော်မူစေလျက် ကမ္ဗည်းအက္ခရာ နှင့်တကွ ဇာတ်တော်အမည်နာမတို့ကို လိပ်တပ်၍တင်အပ် သေချာစွာထားတော်မူစေသည်။

ဒုတိယပစ္စယာခါးပတ်လည်၌လည်းထိုနည်းအတူစကျင် ကျောက်ဖြူတွင် ထုလုပ်စေ၍၊ တေမိမင်းအဖြစ်ကစပြီးလျှင် မဟာဇနက၊ သုဝဏ္ဏသျှံ၊ နေမိ၊ မဟောသဓ၊ ဘူရိဒတ်၊ စန္ဒ ကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာမင်းအဖြစ်သို့ရောက်အောင် ဆယ်စောင်သောဇာတ်တော်ရုပ်များကိုလည်း၊ ကမ္ဗည်းအက္ခ ရာနှင့်တကွလိပ်တပ်၍ထားတော်မူစေသည်။

တတိယပစ္စယာမှာလည်း၊ သမ္ဗုဒ္ဓေမြတ်စွာဘုရားရုပ်ထု တော်များကိုအထက်နည်းထုလုပ်စေတော်မူသည်။

www.dhammaransi.com



## မဟာဝိဇယရံသီစေတီတော်ကြီးတည်ထားသော ကုသိုလ်တော်အကြောင်းအရာကို ပညာရှိ " မဟာသီရိသင်္ဃာစည်သူ " အမတ် ရေးသား ဆက်သွင်းသောသံပိုင်းကျောက်စာကို၊ ကျောက်သား၊ နှုန္နမှာထုစ၍စေတီတော်ကြီးအနီးတွင် ထုဖိုက်တော်မူသည်။

---

### ကျောက်စာသံပိုင်း။

ဓေသတု၊ ။ဘုရားရှင်သာသနာတော် ၂၃၆၃-ခု၊ သက္ကရာဇ် ၁၁၈၁-ခု၊ နယုန်လဆန်း-၁၅ ရက်ဘနင်းလာနေ့အခါ စကြဝဠာမင်းဘို့၏ ဘုန်းသမ္ဘာရကြောင့် ဥဒ္ဒုရ ဇုချုကျွန်းမှ ဖြစ်သော ဂရုသာနှင့်အဘု၊ သိဘင်းသိလဒ္ဓိသာ ခမ္ပ ကျော် သောအာသာဂတိပန်းတန္တိုင်း၊ ဖြစ်တိုင်းဆက်ဆက်၊ ကောင်း ဘက်မက္ခာ၊ သုဖိ ဘာကဲ့သို့၊ လက္ခဏာကြွန်ပြွ၊ စတုသမ္ဘို၊ ပြောင်ရှန်းဘိသော၊ ပြည်လုံးကြွက်သရေ၊ မြေတောဝင်းပတ်၊ နန်းလုံးနတ်ဖြစ်သော မြတ်သော မိဘုရားခေါင်ကြီးနှင့်တကွ ရွှေနဘောင်ဇမ္ဗူ့တက်တော်မူသတည်း။ ။ရွှေဘောင်တက်ပြီး၊ နိုင်ငံတော်ကြီးအတွင်း၊ နေကင်းကြည်းကင်း ဆိပ်တည်ပွဲ အလ္လန်အတုတ်အရပ်ရပ်ကို၊ ပန်းမျှဘည္ဆွန့် မဘွန့်မရှောက်၊ မကောက်မစားလွတ်ငြိမ်းစေ၊ ပြည်သူကျိုစွာကို မျက်မှန်း မကျိုးနှင့်၊ ကျေးဇူးတော်သိ၊ စောင့်ဘိလောဟု၍၊ ငွေကြေး ပိသာတထောင်၊ စိန်ကြောင်နဝရတ်၊ ပျားပန်းခတ်၏သို့၊ မင်း ညီမင်းသားမှူးတော်မတ်တော်ဘို့အား၊ ငွေပုံကိုယ်စီ၊ ချီစေ

ကာကာ၊ ရတနာမိုး၊ ကြိုးစေပြီး၍၊ ဓညဝတီ ဝေသာလီစသော
တိုင်းကြီးပြည်ကြီးသီးဆောင်းမင်းတို့အားလည်း၊ ထိပ်တက်
သိမ်းပို့၊ အကိုယ်အသက်၊ ကျိန်စာနှုတ်၍၊ ချစ်ပိုးကြောက်နှံ့၊
အရှုံပါပါ၊ နန္ဒရာဇာမင်းကြီး ထီးနန်း ဖွင့်သော အခါကဲ့သို့၊
ငါတို့ရှေ့နန်းသခင် ရွှေဘုန်းတော်ပြတ် ထွန်းတောက်ပလတ်
သည့်ရှိသော်၊ ထေးဆဲ့ ကိုးယူဇနာ၊ လျှံပြာဗိတ်စီး၊ ညီးညီး
ရွှန်းစက်၊ လ,ဝန်းထွက်သို့၊ မိုက်မျက်မနှည်၊ ချွမ်းရိပ်စည်
လျက်၊ မည်သည်မည်သူ၊ မဟူခြားနား၊ နွားနှင့်သားတိ၊ တရား
မွေ့ပျော်၊ စည်းစိမ်စံပျော်။ ထိုခါရော်ကား၊ ၊ဥက္ကဋ္ဌာ
ပုညတေဇေန၊ ကာမရူပဂတိ ဂဘာ၊ ဘဝဂ္ဂတဒ္ဓိသမ္ပဿာ၊ ပုန
ဂဏ္ဍန္တီဒုဂ္ဂတိ၊ ပါဠိုမှုခပါဠ်၊ ရွှေဘွန်းပြတ်နှင့်အညီ၊ ရှစ်သောင်း
လေးထောင်၊ ကုန်အောင်ကန္တာ၊ ပြဟ္မာမိုးဖျား၊ ဘဝဂ်သား
လည်း၊ လေးပါးဂတိ၊ မှားဘွယ်ရှိ၏၊ ညီးညီးဝင်းဝင်း၊ ခံစား
ခြင်းကား၊ နှင်းပျက်လွယ်၊ အိပ်မက်နှယ်ဘည်း၊ သုသမုဒ္ဒိန္န
သိန္ဓေဟာဗန္ဓနာ၊ နိဗ္ဗာန်သသျှင်၊ အသခ်ထစစ်၊ ကျေးဇူးနှစ်
ဘည်း၊ ဓမ္မသံဝေဂ၊ ပဒဗ္ဗာန်တော်၊ နှိုးဆော်လင့်ဦး၍၊ အမရ
ပူရ ရွှေနန်းဘော် အနောက် တောင်ထောင့်၊ အဖြောင့်မရှိုး၊
ကောက်လိုက်ချိုးသား၊ တာထိုး ခုနစ်ရာ၊ မြေမျက်နှာထက်၊
သီရိမဟာဓမ္မာတိဇယသီဟသူ၏,အမည်တော်ရှိသော ခမည်း
တော် ဥပရာဇာ၊ မယ်တော်ချစ်ဘို့ ကုသိုလ်တော်ဟောင်း၊
ကျောင်းဘော်ရာတံတိုင်းမီးဘားနှင့်တကွကျန်သတ်ရှိခဲ့သည်
ကိုး၊ ဘိုးတော်မင်းတရား၊ ကုသိုလ်တော်ပွါး၊ ညွှာခဲ့ထားသော
အားဖြင့်၊ ဟောမမာလာ၊ စေတီရာသို့၊ ညွှဲခါညွှဲခါ၊ တဝါဝါ
လျှင်၊ ဒိပါသောဘာဂဝတ်၊ ယမိုက်လွှတ်သော၊ သရက်တော

www.dhammaransi.com



ဥယျာဉ်၌၊ သိပ်ဟိုင်ဠမဟာစေတီနှင့် အတူစေတီတည်မည်၊ ရည်တော်မူတိုင်း၊ အတိုင်းမသိ ကျေးဇူးတော်ရှိသောမယ်တော်, ခမည်းတော်၊ ဘိုးတော်, ဘွားတော်အားလည်း၊ အကျိုးစီးပွားများလေစိမ့်သောငှာ၊ ရွှေနန်းပွင့်တော်မူသည်နှင့် တပြိုင်နက်၊ ဒုတ်ကျောက်သစ်ဘိုး၊ ထုံးအင်းကတော၊ ကံကျွေးလက်ခံငွေချိန်ပိသောသပြာအကိန်း၊ တသိန်းရှစ်သောင်းငါးထောင့်နှစ်ရာကျော် ရွှေတိုက်တော်မှထုတ်၍သက္ကရာဇ် ၁၁၈၁ ခု၊ တန်းခူးလဆန်း ၁၅ ရက်အင်္ဂါနေ့ညဉ့် ၂ ပဟိုရ်ကျော် ဗုဒ္ဓဟူးနေ့သို့အဝင်မကာရလဂ်၊ ကန်းစန်းမိန်၌တနင်္ဂနွေ၊ စနေ၊ ရာဟုမေထုန်၌အင်္ဂါ၊ မိသန်၌ဗုဒ္ဓဟူးသောကြာ၊ ကုံ၌ကြာသပတေး၊ အကြိုက်ဂြိုဟ်တို့၊ ထိုသို့ထုတ်ခတ်၊ ရဝဟာသမသတ် လထက်ကြွတ်၍၊ လွှတ်လတ်ဆဲဆဲအခါ၊ စည်ကြီး ခရုသင်း၊ ကြေးကျော်ခြင်းတို့ဖြင့် မှုံးဘော်မတ်တော်အပေါင်းကိုရွှေတုံးရွှင်း၊ ငွေတုံးရွှင်းကိုင်လျက်မြေစနစ်စေပြီး၍၊ ဘုရားရှင်ကို ဖူးမြင်ဖွံ့ငှာ၊ အဇာတသတ္တုမင်းဖိဝကသရက်ဥယျာဉ်သို့ထွက်သောအခါကဲ့သို့ ရှစ်သောင်းညွှာမျှား၊ မိဖုရားနှင့်တကွ သိန်းမကသော၊ ဒုမဗျူဟာ၊ ဗိုလ်အင်္ဂါတို့ဖြင့်ထွက်စံတော်မူပြီး၊ ဒိသမ္မုတိ မင်းကြီးကိုယ်တိုင် ရွှေဒုတ်ကိုင်လျက် မြေမြစ် ပဌမချတော်မူသည်၊ သဗ္ဗညုတညာဏ် ကိုရလိုသော ဟူ၍လည်းပတ္ထနာတော်မူသည်၊ ၊စေတီတော်အချင်းဘိနပ် အရပ်ပမာဏ တရာ့နှစ်ဆယ်၊ အလယ်ဗဟို၊ တံသိုတိုင်ဘူး၊ မဏ္ဍိုင်ဦးရှိ၊ ဥကင်နန္ဒမူး၊ ကန့်ကူအပ၊ လေးဌာနယက်၊ တွင်းပြင်သီးသီး၊ ဌာပနာတိုက်ကြီးပြုဆဲဆဲ၌ကြိုက်လေသည်ကား

ဒုဋ္ဌဂါမဏိမင်းကြီးစေတီ [illegible]

www.dhammaransi.com



မြစ်နားအရပ်မှိုများကို၊ ဘုမ္မပိုးနတ်ဖွတ်အရောင်ဖြင့်ပြတိ၏သို့၊
ရာဇဂြိုဟ်ပြည့်ရှင်မင်းနှင့်တကွ၊ ရှင်မဟာကဿပ၊ ဘုထာ
ဝါဟာနယန္တရားဖြင့်ထားသော ဓာတ်တော်ကို၊ အသောကာ
ဓမ္မရာဇာအား၊ သိကြားကိုယ်တိုင်ပြတိ၏သို့၊ မန္တလေး၊ တောင်
အောင်ပင်လယ်အနီးပုဘက်မြို့အရပ်နိုက်၊ နတ်များကွယ်ငုပ်၊
မြှုတ်လျက်ထားသောဓာတ်တော်တို့ကို၊ ပုလဲပန်းကုံးထန်း
လုံးခန့်ရှိ တခုသောမြွသည်၊ ဓာဘရဥ္စမျိုးတန်းခိုး ဘုန်းပြ၊
ဟုန်းဟုန်းထလျက်တောင်ပို့တွင်းပေါက်၊ ပျောက်ခဲ့ရကား၊
ထိုတွင်ယောက်ကျား၊ နွားကျောင်းသားတို့၊ ပတ္တမြားလက်
ဆုပ်ထောင်ထုပ်မျှမျှတူးဖော်ကြသောအားဖြင့်၊ ဒေဝါနံပိယ
တိဿရှေ့ပါရာမစေတီတည်ကာ၊ သုမနသာမဏေဆောင်ခဲ့
သောဓာတ်တော်ကဲ့သို့၊ တန်ခိုးပြ ဒိုဟာနှင့်တကွ ရူးရူးစိုက်
စိုက်၊ ဘုန်းတော်သိက်၍၊ ဝင်ဆိုက်ရောက်လာသော မုန်ညင်း
စေ့ ဆံကျိုး ပဲနောက်လုံးရှိ၊ မလေးငုံ အဆင်း၊ ခရုသင်းအ
ဆင်းရွှေအဆင်းသုံးပါးနှင့်ပြည့်စုံသောတကွမ်းစားမျှလောက်
သောဓာတ်တော်အသိန်းမက၊ ထိုပြင်လည်း၊ ရှစ်စရွတ်မျိုး
လက်မိုးသင်ရုံး၊ ပခုံးမေးဖျား၊ ထိပ်ထက်နားသောသာရီရိက
ဓာတ်တော်တို့ကို၊ ရွှေကြုတ် ငွေကြုတ် ပတ္တမြားကြုတ်အတွင်း
သွင်းတော်မူ၍ ရွှေငွေပယင်း သလင်းပတ္တမြား၊ ဖြူယား
ပုလဲ၊ မျက်ရွဲကြောင်စိန်၊ ဣန္ဒနီလာ၊ မာသာရဂဏ်၊ ဖန်မှန်
စသည်ဖြင့်ပြီးသောအသောင်းမကသော ရုပ်ပွါးတော်စေတီ
တော်တို့ကို၊ မိကိဗဍဏာစေတနာဖြင့် ဥမ္မာနမြောက်အောင်
ဌာပနာတော်မူ၍၊ ဒက္ခိဏဗုဒ္ဓရာ — ပဋ္ဌိမာဝန်၊ ပြုဗ္ဗာဝန်အရံ
ကျောင်းတော်နှင့်တကွ၊ ပြုဘွယ်ကိစ္စမကျန်၊ ဘုန်းကြီးဘုရား၊

www.dhammaransi.com



ကိုယ်ပွါးပြန်ခေါက်၊ ကြိမ်ကြိမ်ရခဲ့သျှက်၊ လုံးပေါက်ပကာဟိ၊ မိုးခေါင်ထင်မျှပြီးစေရသတည်း။ ။ဤသို့လျှင်၊ ထီးဖြူဆောင်းချင်းမင်းကိုလက်အောက်၊ မဇ္ဈလောက်လေစွ၊ မကုဋ္ဌ ဘုဋ္ဌ၊ ပုညာဘိရာဇပြုအပ်သော အောင်တံခွန်ရှိတော်မူသော နိမ္မာန်ဆင်မင်းသခင်၊ ရွှေနန်းရှင်သည်၊ အရိမဒ္ဒနာပြည်ကြီး သခင်ဘေးလောင်းတော် အနုရုဒ္ဓါဒေဝ ရွှေစည် ခုံမွာပနာဘွဲ့ ဖေါ်ကဲ့သို့၊ ပဏ္ဍိဒုမသကုဏာကိန္နရီရွှေချိုးချို၊ ပဏ္ဍုမြဘတု ကြိုး၊ ရွှေသီးအထွန့်တင်လှူတော်မူပြီး၊ မြတ်သော ဘောင်မိဖုရားခေါင်နှင့်တကွမင်းဆွေမိုးမျိုး၊ မှူးရိုးမတ်ပေါင်းဘို့ကိုသည်း၊ ပုဆစ်တုပ်ခါသာဓုအပြိုင်နက် ကြွေးကြော်စေလျက်၊ မဟာပထဝီ ဤမြေနတ်အား ရွှေကရားဖြင့် ရေစက်သွန်းချ တိုင်တမ်းတော်မူသည်၊ သာသနာတော်တည် သမ္ဗုဒ္ဓကာလပတ်လုံး၊ မဆုံးမပျက်မဟာဝိဇယရံသီ တံဆိပ်နာမံတော်ရှိသော စေတီတော်ကိုအမွန့်ရည်ရွယ်တည်စိမ့်သောငှာ ဤကျောက်စာသမိုင်းကိုထိုးစေသတည်း။

---

## သမိုင်းလင်္ကာ။

မင်္ဂလာဗဟို၊ လေးချောင်ပြိုတွင်း၊ မြင်းမိုရ်မြို့၊ လုံးပြည့်ဖြိုးလျက်၊ မိုးတခြမ်းပိုင်း၊ တင်း ဘျမ်းမိုင်းသား၊ မြန့်တိုင်းဇမ္ဗူ၊ သနံလျက်ငှဝယ်၊ ဖြောင်ဖြူပဏ္ဍယ၊ ဆဒ္ဒန်တွန်နှင့်၊ အမရဇေယျ၊ ရွှေဂနန်းတည်၊ ဖြည့်သုံးပြည်ကို၊ အောင်စည်ချုန်းထစ်၊ ဖြုန်းဖြုန်းမြောက်၍၊ ငါးနှစ်မစဲ၊ ဘိသိက်ခံလျက်၊ အသင်္ချိန်ပွဲ၊ တည်ထွန်းစေဟု၊ သောင်းနေကိန်းပြည့်၊ ဒိုးသိမ်းတည့်သည့်၊ ပွင့်

မည့်သဗ္ဗာဒ္ဓာပနာသား၊ မဟာပဋ္ဌာမ၊မိုက်မှုထထက်၊ဝိဇယ ရံသီ၊မော်ကွန်းချိသည်၊စေတီတော်မြတ်၊ စည်းခုံဂါဟ်လည်း နာဂတ်သာသနာ၊ပတ်လုံးကြာအောင်၊မဟာသခ်ယာ၊ မဟာ သီရိ၊ပါဠိနှစ်အုပ်၊စည်သူချုပ်သား၊ဗဟုဇ္ဇလို၊ဝိဂြိုဟ်အနွတ် ဝက်မစွတ်ကို၊အွေထွက်ရိပ်ငြိမ်၊ဘုံနန်းအိမ်ဝယ်၊ နှစ်ကြွမ်ပိုင် စား၊သုံးပါးကာသ၊ဗျာဒိတ်ရသား၊ ဒုတိယတံခွန်၊ တွင်းသင်း ဝန်လျှင်၊မတ်ကျွန်တော်မျိုး၊စာရင်း၊ထိုးသည်၊ ၊နန်းရိုးအွေ စာသံပိုင်းတည်း၊

ဤသို့သောကျောက်စာသံပိုင်းကိုဝိုက်ထူစေ...ကျ...ါက်၊နောင် သာသနာတော်အရှည်တည်သမျှကာလပတ်လုံး၊ စေတီတော် ကြီးမပျက်မစီး တည်စေခြင်းငှာ၊ ကျွန်သိုးတော် (၁၀၀) လှူတော်မူသည်။

ဝဏ္ဏကံ့ပယ်မြေအများလှူတော်မူလျက်၊၎င်းမဟာဝိဇယ ရံသီစေတီတော်ကြီးပတ်လည်၊ အရှေ့မျက်နှာ ပုဗ္ဗာဝန်၊အ နောက်မျက်နှာပစ္ဆိမာဝန်၊မြောက်မျက်နှာဥတ္တရာဝန်၊တောင် မျက်နှာ ဒက္ခိဏာဝန်-ဟူသော ကျောင်းတိုက်ကြီးများကို လည်း ကောင်းမွန်စွာ ဆောက်လုပ်စေလျက်၊ သင်္ဃာတော် အများ ပရိယတ္တိ ပဋိပတ္တိဘရားများ အားထုတ်တော်မူကြ ရန် ထောက်ပံ့ လှူဒါန်းတော်မူ၍၊ သာသနာတော်အကျိုး သည်ပိုးအားထုတ်တော်မူသည်၊

ပုထိုးတော်ကြီးဘုရားသမိုင်းပြီး၏။

www.dhammaransi.com

# အမရပူရမြို့ရှိ၊ပုထိုးတော်ကြီးဘုရားသမိုင်းနောက်ဆက်တွဲ ၂၅

## ပုထိုးတော်ကြီးဘုရားသမိုင်း-နောက်ဆက်တွဲ။

သာသနာတော်(၂၄၁၆)၊ ကောဇာသက္ကရာဇ်၁၂၃၄ခုနှစ်တွင်၊ ဤမဟာဝိဇယရံသီစေတီတော်ကြီး၌ ထီးတော်အလွှင့်ပျက်စီးသည်ကို၊ မန္တလေးရတနာပုံ မြို့တည်နန်းဘည်ပဉ္စမသင်္ဂါယနာတင်မင်းတရားကြီးသည်၊ထီးတော်အသ(၉)တောင်၊ အမြင့်(၁၃)တောင်ထွာရှိပြုလုပ်တော်မူစေ၍ ပုပ္ပါးဝန်ထောက်ကိုကြပ်မ,တင်လှူတော်မူစေသည်၊ နှစ်စဉ်မပြတ်လည်း ဘုရားပွဲတော်ပြုလုပ် စေလျက်၊ ကုသိုလ်တော်ပုညသမ္ဘာရတာ၊ဉာဏသမ္ဘာ၊ သမ္ဘာရအဆောက်အဦးကိုပြုတော်မူသည်၊

ဤသို့ မင်းကောင်းမင်းမြတ်အဆက်ဆက်ပူဇော်ကိုးကွယ်သောမဟာဝိဇယရံသီစေတီတော်ဘုရားဝယ်၊လေးပါးသောအပါယ်ဘုံ၌၊ ဝေပုံချခံစားလိုသူ၊ အသူသူသောဘုရားသခင်တို့လက်ထက်အခါ၊ကမ္ဘာအစဉ်အဆက်၊အထက်ထက်ဘဝများက၊ မြတ်စွာဘုရားတို့ ဟောကြား မိန့်ဟတော်မူ သောတရားတော်သံ၊ သာရက္ခ ဒေသနာကို၊ တခါဘူးမျှစိတ်ကူးတောင်မရကြဘူးသော၊ဝဋ္ဋခါကျော၊ ဘဝသစ်ဌတ်၊ အရင်းပြုတ်ဘို့သည့်၊ ထောင်ထုပ်သောင်းသုံ၊ သေတိုးများမြဲခဲ့သည့်၊ဉစ္စာအမွေကိုခွဲဝေယူစားသလို၊ ဗုဒ္ဓဂိုဏ်း,ရာဇဂိုဏ်း၊ ချင်းရှိုင်းများမသိသည့်မှာ၊တထွာလောက်ဝမ်းရေးကြောင့်ကြီးလေးသောအမှုကို၊ပြုကြသည်ပိတ်ကူး၍၊ အထူးထူးသောနေ့ရက်များ၌၊ ဘုရားကိုးဖါက်ထွင်းရန်အားထုတ်ကြလျက်၊ နေ့ညဖန်ဖန်၊ တိုင်ပင်ကြိကြ၊ ပါပံ-ပါပေနသုကရံ၊ မှုအမှန်

www.dhammaransi.com



တရားထွက်၊ စကားမြွက်မပြောစံ့အောင်၊ ရွှံ့ကြောက်ဘွယ်သဲနှုလုံးပြတ်မျှ၊ တကတဲအဆုံးမသတ်ပြုကြသည်ကို၊ ပြည်သူတို့သိရသည်မှာ၊ သာသနာတော်(၂၄၄၉)ကောဇာ-၁၂၆၇ခု၊ တော်သလင်းလမှအစပြု၍ တစတစသိရှိသဖြင့်၊ အစိုးရသခင်အရှင်မင်းများနှင့်တကွ၊ ပြည်သူပြည်သားလူအများတို့၊ ထောက်ထားရှာကြံ့သိုက်လံဖမ်းဆီး၍၊ အသီးသီးအဇဗ်ဗ်၊ ရေယမုန်မြစ်ထဲဝယ်၊ ဆွဲယူသောပိုက်ကွန်ပမာ၊ ပါလှာသည့်ငါးသဖွယ်၊ အကျယ်စာရင်းမရှိ၊ မိသူမိ-လွတ်သူလွတ်၊ အထွန့်ပရမေ၊ အစိန္တေ၏၊ ရှိန်ဝေထုတ်ပြန်၊ သုတဲဂမ္ဘခန်ဝယ်၊ ဟုတ်မှန်ရာဟောပြ၊ ဂမ္ဘောဟဝေနုက္ကတိ၊ အချက်သိအကျိုးရှာကြတော့မျိုးမြန်မာဝါဒတရား၊ ကာလမခြား ကျော်ပတ္တပေါ်ထွက်သမျှလ,လိုမပြုဘဲ၊ ဆနဂိုရ်အမှုဆန်းပက္ခာသို့၊ မြန်းထွက်ပမာတရားအရေးရှုကြတော့၊ ယခုပြုလုပ်ဖျက်ဆီးကြသောအမှုအရာကို၊ သာသနာတော်ဝင်၊ လူရှင်အပေါင်းတို့ ကြားသိရသဖြင့်၊ များစွာသောဂမ္ဘသံဝေဂ၊ ဩတ္တပ္ပစိတ်၊ ယိုဖိတ်စီးဝင်၍ပူပင်တော်မူကြရသည်ဖြစ်ကြောင်း။

၎င်းပျက်စီးဆုံးပါး၊ မတရားသူတို့ဖျက်ဆီးပြုလုပ်ကြသည်ကိုမကြားမသိရသေးဘုန်းသော သာသနာကိုဏ်းဝင်လူရှင်အပေါင်းတို့သိရှိကြရန်၊ ပျက်စီးသော ဓာတ်တော်မွေးတော်စေတီတော် ဆင်းတုတော် များနှင့်တကွ၊ အစိုးရမင်းမြတ်တို့ထောက်လှမ်း ဖမ်းဆီးရရှိသူတို့ထံမှ၊ ပြန်၍ရရှိသောစာရင်းများကိုရေးသားဆက်လက်ပြလိုက်ပါသည်။

www.dhammaransi.com



## လူခိုးသူခိုးတို့ဖျက်ဆီးသဖြင့် ကျန်ရစ်သောစာရင်း။

မြတ်စွာဘုရားဓာတ်တော်၊ ရဟန္တာအရှင်တို့ဓာတ်တော်များ။ စိန်ဆင်းတုသုံးလက်မခွဲ—၁၊ ၊သုံးလက်မသုံးသစ်—၁၊ လေးလက်မ—၁၊ ၊ပေါင်းစိန်ဆင်းတု—၃၊ ၊မြဆင်းတု ၆—လက်မ—၁၊ ၊၅—လက်မ—၁၊ ၊၄—လက်မခွဲ-၁၊ ၊ ရွှေဆင်းတု ၃-လက်မ—၁၊ ၊ငွေဆင်းတု ၅-လက်မ—၁၊ ၅—လက်မခွဲ—၁၊ ၊၃-လက်မသုံးသစ်-၁၊ ၊ပေါင်း-၃၊ ရွှေဆင်းတု-၆-လက်မ—၁၊ ၊ဗဟန်းကျောက်ဆင်းတု-၄ လက်မ—၁၊ ၊ပယင်းဆင်းတု-၇-လက်မ-၁၊ ၊သုံးလက်မ ၁၊ ၊လက်မနှစ်သစ်-၁၊ ၊၂-လက်မခွဲ—၁၊ ၊ကြေးဆင်းတု ၆-လက်မ-၁၊ ၊၅-လက်မခွဲ—၁၊ ၊၄-လက်မ-၁၊ ၊၃ လက်မ-၁၊ပေါင်း-၄၊ ၊ ၊ရွှေပန်းခိုင်အချိန်-၆-ကျပ် ၈-ပဲ၊ ရွှေငွေဗောဓိပင်—၁၊ ၊ငွေသလွန်တော်—၊

---

## ဌာပနာဒေါက်ဘွင်းသူ့အိုးလက်ကပြန်ရသောစာရင်း။

ဘုရားပျက်ငွေပြား ၁၀ ၂၀ ၁၊ ၊ငွေဗောဓိပင်ပုံ-၂၀ ၁၊ ငွေသံရောဗောဓိပင်ပုံ ၃၀ ၁၊ ၊ငွေဆင်းတုပျက် ၁၅ ၁၊ ၊ ရွှေအစအနကလေး ၈ ၂ူး ၁၊ ရွှေဒင်္ဂါးချိန် ၃ူး ၁၊ ၊ငွေပြား ၇၀၊ ၊ငွေဆင်းတုပျက် ၁၀ ၇၀ ၁၊ ၊ရွှေရှက်ငွေချက် ၂ ၁၃ပဲ၊ ၊ငွေရိုးငွေချက်များ ၇ ၄ူး၊ ၊ငွေခဲ ၁၀ ၇၀၊ ၊ ၎င်းငွေခဲ ၁၀ ၂၀၊ ၊၎င်းငွေခဲ ၂၀၊ ၊ငွေအစကလေးများ ၆၀၊ ၊ရွှေအစအနကလေး ၇၊ ၊ငွေအစကလေးများ ၇ တခတ်၊ငွေဆင်းတု ၈ လက်မခွဲ ၁၊ ၊၈-လက်မ-၁၊ ၊၇လက်

မ-၄၊ ။၈-လက်မ-၁၊ ။၇-လက်မ-၁၊ ။၄ လက်မ ၁၁၊ ၄ လက်မခွဲ ၅၊ ။၅-လက်မ-၉၊ ။၄ လက်မ-၁၊ ။၅လက်မခွဲ-၄၊၄-သက်မခွဲ-၁။ ။၅-လက်မခွဲ-၁၊ ။၄-လက်မ-၁၀၊ ၃-လက်မ-၁၊ ။၄-လက်မ-၈၊ ။၃-လက်မ-၁၊

ဌာပနာဖေါက်ထွင်းခိုးယူသူလူဆိုးတို့ထံကပြန်ရသော စာရင်းကျယ်အကြောင်းအကျဉ်းရုံး၍ထည့်လိုက်သည်။

## စေတီပုထိုး ဓါတ်တော် မွေတော် ဗောဓိပင်များကို ဖျက်ဆီးသူတို့အပြစ်ကိုပြခြင်း။

စေတီပုထိုး၊ ဓာတ်တော်၊မွေတော်၊ ဗောဓိပင်များကို ဖျက်ဆီးသူတို့အပြစ်ကို ဗျာနဝိဘင်းသမ္မောဟဝိနောဒနီအဋ္ဌကထာ ကင်္ဂုတ္တရအဋ္ဌကထာတို့၌၊ ။အထ-ယေစပရိနိဗ္ဗုတေ တထာဂတေ၊စေတိယံ ဘိန္ဒန္တိ၊ဗောဓိံ ဆိန္ဒန္တိ၊ ဓါတုမှိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတီတိ ဘာရိယံ ကမ္မံ ဟောတိ အနန္တရိယသဒိသံ-ဟူ၍ပြသည်။

အထ၊ထိုမှတပါး။ ယေစ၊အကြင်ယုတ်မာသောသူတို့သည်၊ပရိနိဗ္ဗုတေ တထာဂတေ၊မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီးသည်ရှိသော်၊စေတိယံ ဓါတု၊ဥဒ္ဒိဿ၊ဓမ္မစေတီ ၃-ပါးကို၊ ဘိန္ဒန္တိ၊ချိုးဖဲ့ဖျက်ဆီးကုန်၏၊ ဗောဓိံ၊ဗောဓိပင်ကို၊ဆိန္ဒန္တိ၊ ဖြတ်တောက်ဖျက်ဆီးကုန်၏၊ ဓာတုမှိ၊ သရီရဓာတ်တော်မွေတော်များ၌၊ဥပက္ကမန္တိ၊ ဖျက်ဆီးမွေနှောက်ခြင်းငှာအားထုတ်ကုန်၏၊ တေသံ၊ထိုယုတ်မာသောသူတို့အား၊ ကိံ ဟောတိ။ အပြစ်ကြီးစွာအဘယ်သို့ဖြစ်သနည်း၊ ဣတိ၊ဤကား-အမေး

www.dhammaransi.com



တည်း။ ကမ္ဗံ ၊ထိုသူတို့၏ကုသိုလ်ကံသည်၊ ဘာရိယံ၊ ဝန်လေး
လှသည်၊ ဟောတိ၊ဖြစ်၏၊ အနန္တရိယသဒိသံ၊လောဟိတုပ္ပါ
ဒက အနန္တရိယကံနှင့်အလားတူသည်၊ ဟောတိ၊ ဖြစ်၏၊

အနန္တရိယကံကို ပြုသောသူတို့သည် အဝီစိငရဲရောက်
သကဲ့သို့ စေတိယဘေဒီ ပုဂ္ဂိုလ်တို့လည်း အဝီစိငရဲသို့ဝင်
ရောက်ရသည်ဟုလိုသည်၊

စေတီပုထိုး၊ဓာတ်တော်မွေတော်တို့အား ပူဇော်ကြသည့်
ကိုကဲ့ရဲ့မြစ်တားခြင်းကြောင့်ငရဲခံရကြောင်းကို၊ ။တသ္မာဟံ
မေ ဘရိယာစ ဓီတာ သုဏိသာစမေ၊တာ မာလံဥပ္ပလဉ္စာပိ
ပစ္စဂ္ဃဉ္စ ဝိလေပနံ၊ထူပံ ဟရန္တိ ယောဝါရေသိ၊တံပါပံကတံ
မယာ၊ဆဠာသီတိသဟဿာနိ၊မယံပစ္စတ္တဝေဒနာ၊ ပူဇံ ထူပ
ဝိဝဏ္ဏေတွာ ပစ္စာမိ နိရယေဘုသံ၊ ။ပေတဝတ္ထု၊ဓါတုဝိဝဏ္ဏ
ပေတဝတ္ထုပါဠိတော်၌ဟောတော်မူ၏၊

အယံ၊ဤနတ်သမီးများကား၊တဿမေ၊ ထိုအကျွန်ုပ်ရ၏
ဂြိုဟ်သူဌေး၏၊ဘရိယာစ၊မယားသည်လည်းကောင်း၊ဓီတာ
စ၊သမီးသည်လည်းကောင်း၊သုဏိသာစ၊ချွေးမသည်လည်း
ကောင်း၊အဟောသိ ဖြစ်ခဲ့ပြီ၊တာ၊ထိုသမီး မယား ချွေးမများ
တို့သည်၊ မာလံ၊ပန်းကိုလည်းကောင်း၊ ဥပ္ပလဉ္စာပိ၊ကြာကို
လည်းကောင်း၊ပစ္စဂ္ဃဉ္စ၊ အသစ်စက်စက်သော၊ဝိလေပနဉ္စ၊
နံ့သာပျောင်းကိုလည်းကောင်း၊ထူပံ၊စေတီသို့၊ဟရန္တိယော
ပူဇော်အံ့ဌါဆောင်သည့်တို့ကို၊ ဝါရေသိ၊အရှင်တို့အားပူဇော်
၍အကျိုးမရှိဟုတားမြစ်ပြီ၊မယာ ငါသည်၊တံပါပံ ထိုမြစ်တား
သောမကောင်းမှုကို၊ပကတံ ပြုအပ်ပြီ မယံ၊အကျွန်ုပ်တို့သည်၊
ထူပပူဇံ၊စေတီအားပူဇော်ခြင်းကို၊ ဝိဝဏ္ဏေတွာ ကဲ့ရဲ့မြစ်

www.dhammaransi.com



တား၍၊ ဆဋ္ဌာသီတိသဟဿာနိ၊ အနှစ်ရှစ်သောင်းခြောက်ထောင်တို့ပတ်လုံး၊ ပစ္စက္ခဝေဒနာ၊ အသီးအသီးခံစားအပ်သောဝေဒနာရှိကုန်သည်ဖြစ်၍၊ နိရယေ၊ ငရဲပမာဆင်းရဲစွာသောပြိတ္တာတို့၌ ဘူသံပြင်းစွာ၊ ပစ္စာမိပစ္စာမ၊ ကျော်ရကုန်၏၊

သက်တော်ထင်ရှားရှိသောဘုရားအား လှူဘွယ်ဒေယျဓမ္မကိုယူစားခြင်း၊ ဆွမ်းစားစရပ်ကိုမီးရှိုက်ခြင်းကြောင့်ကိုးဆဲ့နှစ်ကမ္ဘာပတ်လုံးငရဲသို့ကျ၍၊ ဤဘဒ္ဒကပ်ကမ္ဘာ၌ကဿပမြတ်စွာဘုရားလက်ထက်တော်မှစ၍ ငါတို့ဂေါတမမြတ်စွာဘုရားရာဇဂြိုဟ်ပြည်သို့ ကြွသည့်တိုင်အောင်မစားမဝတ်ရသောပြိတ္တာ ဖြစ်ခြင်း၏အကြောင်းမကောင်းမှုကို၊ ပေတဝတ္ထုအဋ္ဌကထာ၌၊ ၊တတ္ထ ကေစိဇနာ ပဋိဟတစိတ္တာ အဟေသုံ၊ တဒါနဿ အန္တရာယံကတွာ ဒေယျဓမ္မံ အန္တရာ ခါဒိံသု၊ ဘတ္တသာလဉ္စ အဂ္ဂိနာ ဒဟိံသု၊ ၊ဟူ၍ပြတော်မူ၏၊

တတ္ထ၊ ထိုအလုပ်အကျွေးဖြစ်သောသူတို့တွင်၊ ကေစိဇနာ၊ အချို့သောသူတို့သည်၊ ပဋိဟတစိတ္တာ၊ ထိပါးသောစိတ်ရှိကုန်သည်၊ အဟေသုံ ဖြစ်ကုန်၏၊ ၊တေ၊ ထိုဗိမ္ဗိသာရမင်း၏ ဆွေမျိုးဟောင်းဖြစ်သောသူတို့သည်၊ ဒါနဿ ဖုဿဘုရားအားပေးလှူခြင်း၏၊ အန္တရာယံ၊ အန္တရာယ်ကို၊ ကတွာ၊ ပြု၍၊ ဒေယျဓမ္မံ၊ ဖုဿဘုရားအား လှူဘွယ်ဝတ္ထုကို၊ အန္တရာ၊ ကိုယ်တိုင်၊ ခါဒိံသု စားကြကုန်၏၊ ဘတ္တသာလဉ္စ၊ ဆွမ်းစားစရပ်ကိုလည်း၊ အဂ္ဂိနာ၊ မီးဖြင့်၊ ဒဟိံသု၊ တိုက်ကြကုန်၏၊

သီဟိုဠ်ကျွန်း ရောဟန ဇနပုဒ်၌ ဒီဃာဝမည်သောစေတီတော်၏ တံခွန်ကုက္ကားသည် လေဖြင့်လွင့်သွား၍ သူကြွယ်

www.dhammaransi.com



တယောက်၏ လယ်အပိုင်းအခြား၌ကျ၏၊ လယ်ရှင်သူကြွယ် မြင်၍ယူလေလျှင်၊ အကွာရာတို့ကိုမြင်လျက် သည်းလောဘစိတ် ဖြင့် မစွန့်နိုင်ရကား မိမိအိမ်သို့ ထုပ်ရုံ၍ သွားလေ၏၊ ထိုသူ ကြွယ်သည် နောင်အခါ သေလွန်လျှင်၊ အထပ် တထောင် ပြောင်ပြောင်တောက်သော သံပြား ကိုခြုံရုံသော ပြိတ္တာဖြစ်၍ မဏ္ဍိမယံ၌ ရဟန်းတယောက်အားကိုယ်ကိုပြသ၏၊ ရဟန်း က မေးလျှင်၊ အရှင်ဘုရား အကျွန်ုပ်ကား ပြိတ္တာတည်းဟုဆို၏ အဘယ်မကောင်းမှုကြောင့် ပြိတ္တာဖြစ်ရသနည်း မေးသော်၊ ပြိတ္တာသည် ယခင်ပြုသိအပ်ပြီးသည့် အကြောင်းကို ပြန်ပြော၏၊ သင် သည် အဘယ်ကြောင်းဖြင့် ဤပြိတ္တာဘဝမှ လွတ်အံ့နည်း မေးသော်၊ အရှင်ဘုရား၊ ပုသိုးတထောင်ကို ကုပ်ကားပြု၍ ဒီယာဝုဒ္ဓစေတီတော်ကိုပူဇော်ပြုပြီးလျှင် အကျွန်ုပ်အားအမျှဝေ သော် လွတ်ပါလတ္တံ့ ဟုဆို၍ ထိုအရပ်တွင်ပင် ကွယ်လေ၏၊ မနဆရှိ ပည်း၊ တံခွန်ကုက္ကား ငါးဆယ်ကို ဒီယာဝုဒ္ဓစေတီ တော်အားပူဇော်၍ ပြိတ္တာအား အမျှဝေ၏၊ ပြိတ္တာသည် ညအခါလာ၍၊ အရှင်ဘုရား၊ အကျွန်ုပ်အား သံပြားတထောင် ဖုံးလွှမ်းရာက လက်ရှစ်သစ်မျှ လပ်ပါပြီဆိုသော၏၊ တဖန် လည်း ငါးဆယ်ပူဇော်၍ အမျှဝေပြန်၏၊ လက်ရှစ်သစ်ရင်း ထပ်ပြန်၏၊ ဤသို့သောနည်းဖြင့် တံခွန်ကုက္ကားတထောင်ပြည့် မှ သံပြားအကုန်ကွာ၍ ချမ်းသာလေလျှင် ပြိတ္တာသည် ညဉ့် အခါလာ၍ အရှင်ဘုရား၊ အကျွန်ုပ်ကား၊ အရှင်ဘုရား မေတ္တာကြောင့် ချမ်းသာပေသည်၊ အကျွန်ုပ်ချမ်းသာသကဲ့ သို့ အရှင်ဘုရားသည်း၊ ဘဝဆက်တိုင်း ချမ်းသာပါစေဟု လျှောက်ဆိုလာကြောင်းကို၊ ထေရကဒီပနီကျမ်း၌ဆို၏၊

www.dhammaransi.com



ဤသို့ပြခဲ့သော ကျမ်းဂန်အရပ်ရပ်၊ ဝတ္ထုအရပ်ရပ်တို့ကို ထောက်ထား၍၊ ကြောက်ပါးလိလိ၊ အမိတဂုဏ၊ ဆအသာ ဓာရဏ၊ စတုဝေသာရဇ္ဇစသော ဂုဏ်အင်္ဂါပေါင်းနှင့် ပြည့်စုံ တော်မူသောမြတ်စွာဘုရား၏၊ မွေတော်ဓာတ်တော် စေတီ တော်၊ ရုပ်စေတီတော်နှင့်စပ်သော ပစ္စည်းများကို၊ ထိပါးနှောင့် ရှက်၊ ဖျက်လိုဖျက်ဆီး၊ လောဘမိုးဝင်မထွဲကြစေလိုသည်ဖြစ်၍၊ သတိတရားများစွဲထားရန်၊ ရည်သန်ဖော်ပြ လိုက်ပါသည်။

အမရပူရမြို့တည် နန်းတည်၊ ငယ်မည်တော် ဦးဝိုင်း၊ ဗဒုံမင်း၊ ဘိုးတော်ခေါ်မင်းတရားကြီး၏သားတော်စစ်ကိုင်း စား၊အိမ်ရှေ့မင်းသည်၊ ခမည်းတော်၏ရိုက်ရာကို၊ ၁၁၈၁ ခု၊ ဖွဲ့နန်း တက်သည်နှင့် တပြိုင်နက်၊ " ဤမဟာဝိဇယရံသီ ပုသိုးတော်ကြီး ဘုရား"ကို တည်တော်မူသည်။ ၊တူတော် ဖြစ်ကြသော–မန္တလေးမြို့တည်နန်းတည်–မင်းတုန်းမင်းနှင့် ညီတော်ကနောင်မင်းတို့က–( ဘကြီးတော်သဖြင့်) ဘကြီး တော်ဘုရားခေါ်သည်ကို အစွဲပြု၍၊ ဘကြီးတော်ဟူ၍၎င်း၊ စစ်ကိုင်းမြို့စားရသည်ကို အကြောင်းပြု၍ စစ်ကိုင်းမင်းဟူ၍ ၎င်း၊မှန်နန်းရှင်ဟူ၍၎င်းခေါ်လေသည်၊ ၊နန်းမတော်မိဘုရား ခေါင်ကြီးကား–ရေဦးမြို့နယ်သူ အိမ်ရှေ့မင်းအဖြစ်စံစဉ်က အိမ်ရှေ့မိဘုရား–မယ်နုပင်တည်း၊ ၊ဤသည်ကား၊နောင် လာနောက်သားတို့၊နားမထွေးရန်-ရာဇဝင်အရပေါ်ပြချက် တည်း၊ (အယ်ဒီတာ)

www.dhammaransi.com